Network for Democracy and Development
Documentation and Research Department

P.O Box 125, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd@csloxinfo.com


## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၂၈၇)

# “စစ်တပ်အတွက် ပစ်မှတ်ရှာဖို့မလိုပါ”

ပြည်သူလူထုနဲ့အတူ လူမှုဆင်းရဲဒုက္ခမျိုးစုံကို ခံစားနေရတဲ့ မြန်မာ့တပ်မတော်အတွင်းမှာလည်း လက်ရှိအခြေအနေတွေအပေါ် မကျေမနပ်ဖြစ်မှုတွေ တိုးပွားလာနေပါတယ်။ ဖေဖော်ဝါရီလ(၂၂)ရက်နေ့ ရန်ကုန်မဟာဗန္ဓုလလမ်းပေါ်က လူထုဆန္ဒပြပွဲဟာ ပြည်သူလူထုတရပ်လုံး ရင်ဆိုင်ကြုံတွေ့နေရတဲ့ စီးပွားရေး၊ လူမှုရေးအကျပ်အတည်းတွေကို နအဖအကြီးအကဲတွေသိရှိအောင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တင်ပြခဲ့ကြတာဖြစ်လို့ အဲဒီအချိန်က အဲဒီအနီးအနားမှာ လုံခြုံရေးတာဝန်ကျနေကြတဲ့ တပ်မ(၇၇)က တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကတောင် မသိမသာ ကြိုဆိုထောက်ခံခဲ့ကြတယ်လို့ အတွင်းသတင်းတွေအရ သိရှိရပါတယ်။

အဲဒီနေ့ကဖြစ်ပွားခဲ့တဲ့ လူထုဆန္ဒပြပွဲဟာ ဇန်နဝါရီလကုန်ပိုင်းက ရန်ကုန်မြို့လယ်ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတွေရှေ့မှာ (၃)ရက်ဆက်တိုက် ဖြစ်ပွားခဲ့တဲ့ဆန္ဒပြပွဲတွေနဲ့ အနှစ်သာရအားဖြင့် လုံးဝမတူတာ တွေ့ရကြောင်း၊ သံရုံးတွေရှေ့က ဆန္ဒပြပွဲတွေကို နအဖ အာဏာပိုင်တွေကိုယ်တိုင် နောက်ကွယ်ကစီစဉ်ပေးခဲ့တာ ထင်ရှားကြောင်း၊ မဟာဗန္ဓုလလမ်းပေါ်က ဆန္ဒပြပွဲရဲ့နောက်ကွယ်မှာလည်း နိုင်ငံရေးသမားတချို့ ရှိကောင်းရှိနိုင်ပေမဲ့ သူတို့ရဲ့တင်ပြတောင်းဆိုချက်တွေထဲမှာ နိုင်ငံရေးဆန်တဲ့တောင်းဆိုချက်တွေ တစ်ခုမှမတွေ့ရဘဲ၊ ပြည်သူတွေအားလုံး တကယ်ခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေကိုသာ ရိုးရိုးသားသား တင်ပြထားတာတွေ့ရတယ်လို့ လုံခြုံရေးတာဝန်ကျ အရာရှိတစ်ဦးက ဝေဖန်ပြောဆိုခဲ့ကြောင်း သိရှိပါတယ်။ အဲဒီလိုတပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကိုယ်တိုင် ပြည်သူလူထုရဲ့ခံစားချက်တွေအပေါ် နားလည်စာနာလာတာကို နအဖ ဗိုလ်ချုပ်ကြီးတွေက အလွန်စိုးရိမ်နေတယ်လို့လည်း သတင်းရရှိပါတယ်။ ဒါကြောင့် တပ်မတော်ကို စိတ်အာရုံပြောင်းသွားစေရန်အတွက် နည်းမျိုးစုံနဲ့ကြိုးပမ်းလုပ်ဆောင်ဖို့ နအဖဗိုလ်ချုပ်ကြီးတွေက ညွှန်ကြားချက်တွေထုတ်ပြန်နေကြတာ တွေ့ရပါတယ်။

တပ်မတော်သားတွေ၊ ဝန်ထမ်းတွေအပါအဝင် ပြည်သူလူထုရဲ့ ထောက်ခံမှုကိုရရှိခဲ့တဲ့ မဟာဗန္ဓုလမ်းလမ်းပေါ်က လူထုဆန္ဒဖော်ထုတ်ပြသမှုကို မေ့မှိန်သေးသိမ်သွားစေဖို့အတွက် ဒီဆန္ဒပြပွဲကို အမေရိကန်နဲ့ ပြည်တွင်းက နိုင်ငံရေးပါတီတချို့က စီမံချက်ချပြီး စနစ်တကျလုပ်ဆောင်ခဲ့သယောင် နအဖသတင်းမီဒီယာတွေကနေ ဝါဒဖြန့်စွပ်စွဲတိုက်ခိုက်မှုတွေ လုပ်ဆောင်နေရပါတယ်။ မတ်လ(၁၅)ရက်နေ့ထုတ် နအဖသတင်းစာတွေမှာ “ရန်ကုန်မဟာဗန္ဓုလလမ်းပေါ်တွင် စီတန်းလှည့်လည် ကြွေးကြော်မှုပြုခဲ့သည့် ထင်ကျော်(ခ)ကျော်ထင်နှင့် **NLD** ပါတီဝင်တချို့၊ ဒီ/ငြိမ်းယောင်းတချို့၏လုပ်ရပ်သည် လူထုအား သွေးထိုးလှုံ့ဆော်ခြင်းဖြစ်၊ တည်ဆဲဥပဒေများကို ဖေါက်ဖျက်ကျူးလွန်ခြင်းဖြစ်၊” လို့ ခေါင်းစဉ်တပ်ပြီး ဆန္ဒပြပွဲဖြစ်ပွားတဲ့နေ့က ရန်ကုန်အမေရိကန်စင်တာမှာ ဂရမျိုးဆက်ကျောင်းသားအုပ်စုကဦးဆောင်ပြီး ဟောပြောပွဲတွေကျင်းပပြုလုပ်ခဲ့တာဟာ သွေးရိုးသားရိုးမဖြစ်နိုင်ဘူးလို့ ကောက်ချက်ဆွဲ ဖေါ်ပြခဲ့တာတွေ့ရပါတယ်။

စစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ နဲ့ လူ့အခွင့်အရေးကောင်စီတွေမှာ တင်သွင်းပြီး အရေးယူနိုင်ဖို့ ဦးဆောင်လှုပ်ရှားနေတဲ့ အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံတွေကိုလည်း နအဖသတင်းစာတွေမှာ အရှိန်မြှင့်တိုက်ခိုက်ရေးသားလာတာ တွေ့ရပါတယ်။ နအဖသတင်းမီဒီယာတွေထဲမှာ “အမေရိကန်သည် အခြားနိုင်ငံများရှိ လူ့အခွင့်အရေးချိုးဖေါက်မှုများကိုရှုတ်ချကာ ဆရာကြီးလုပ်နေ၊ အမေရိကန်၏ လူ့အခွင့်အရေးချိုးဖေါက်မှုများအကြောင်း တရုတ်နိုင်ငံ၏အစီရင်ခံစာက အသေးစိတ်ရေးသားဖေါ်ပြ”၊ “အမေရိကန်သည် လူ့အခွင့်အရေးဗန်းပြပြီး

**NLD** နဲ့ တွေ့ဆုံဆွေးနွေးရေးကိုသာ ဦးစားပေးနေ"၊ "အမေရိကန်က လူ့အခွင့်အရေးကောင်စီအပါအဝင် နည်းလမ်းပေါင်းစုံသုံးပြီး မြန်မာနိုင်ငံကို နိုင်ငံရေးဖိအားပေးရန် ဆက်လက်ကြိုးပမ်းလျှက်ရှိ"၊ "အနောက်နိုင်ငံကြီးတချို့ မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၊ လူမျိုးရေးဖိနှိပ်မှုများ၊ မတရားစေခိုင်းမှုများ၊ အနိုင်အထက်ပြုမှုများရှိသည်ဟု စွပ်စွဲ၊ သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းစုံစမ်းခဲ့၊ စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်းတွေ့ရ" စတဲ့ခေါင်းစဉ်တွေနဲ့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေကို နေ့စဉ်နဲ့အမျှ စွပ်စွဲရေးသားတိုက်ခိုက်တာတွေ ပြုလုပ်နေပါတယ်။

နအဖက အခုလို စွပ်စွဲရေးသား ဝါဒဖြန့်နေတာဟာ ပြည်သူလူထုကို အဓိကရည်ရွယ်ပြုလုပ်နေတာ မဟုတ်ပါဘူး။ မြန်မာပြည်သူအများစုကလည်း နအဖရဲ့ တီဗွီနဲ့ စာနယ်ဇင်းတွေမှာပါတဲ့ ဝါဒဖြန့်မှုတွေကို အလေးထားပြီး ဖတ်ရှုလေ့လာတာမျိုး မရှိပါဘူး။ နအဖက အခုလိုဝါဒဖြန့်နေတာဟာ သူ့ရဲ့အမာခံ လက်ကိုင်တုတ်အဖွဲ့အစည်းတွေဖြစ်တဲ့ မြန်မာ့တပ်မတော်၊ ရဲတပ်ဖွဲ့၊ ကြံ့ဖွံ့အဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်၊ စစ်ပြန်စစ်မှုထမ်းဟောင်း စတဲ့အဖွဲ့တွေအတွက် ရည်ရွယ်လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ နအဖလက်ကိုင်တုတ်အဖွဲ့အစည်းတွေက အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုတွေကို ရန်သူတွေ၊ အဖျက်သမားတွေလို့ ထင်မြင်လက်ခံလာအောင် နအဖသတင်းမီဒီယာတွေနဲ့ နအဖစည်းရုံးရေးကော်မတီတွေက ကြိုးပမ်းအားထုတ်နေကြတာ ဖြစ်ပါတယ်။

မဆလစစ်အာဏာရှင်ခေတ်က ဗကပတို့၊ တရုတ်နီတို့ကို အဓိကရန်သူအဖြစ် လက်ညှိုးထိုးပြပြီး မြန်မာ့တပ်မတော်ကို တိုက်လိုခိုက်လိုစိတ်တွေပေါ်ပေါက်အောင် ရိုက်သွင်းပေးခဲ့ပါတယ်။ ဒါပေမဲ့ နဝတ၊ နအဖခေတ်မှာတော့ ဗကပ က ခွဲထွက်ခဲ့သူတွေ၊ တရုတ်နီတွေနဲ့ အဆင်ပြေအောင် ပြန်လည်ဆက်ဆံနေရတဲ့အပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အတော်များများကလည်း အပစ်အခတ်ရပ်စဲထားပြန်တာကြောင့် မြန်မာ့တပ်မတော်အတွက် အဓိကရန်သူရှာပေးရဖို့ လိုအပ်လာပြန်ပါတယ်။

အဓိကရန်သူမရှိပဲ စစ်တပ်ကိုအင်အားကြီးထွားအောင် တည်ဆောက်ရတာ မလွယ်ကူသလို၊ စည်းကမ်းကောင်းကောင်းနဲ့ ကြာရှည်ထိန်းထားနိုင်ဖို့ကလည်း မလွယ်ကူလှပါဘူး။ ဒါကြောင့် နဝတ၊ နအဖ စစ်အာဏာရှင်တွေခေတ်မှာ အမေရိကန်နဲ့အနောက်အုပ်စုကို သူတို့စစ်တပ်အတွက် အဓိကရန်သူအဖြစ် ပုံဖော်ပေးနေရတာ ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေကို မြန်မာ့တပ်မတော်ရဲ့ရန်သူအဖြစ်နဲ့ ဖန်တီးပြနိုင်ခဲ့ရင် အနောက်နိုင်ငံတွေမှာကြီးပြင်းခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီစနစ်ကိုလိုလားတဲ့ မြန်မာပြည်သူလူထုကြီးကိုလည်း အနောက်အုပ်စုလိုလားသူတွေ၊ ပုဆိန်ရိုးတွေအဖြစ်နဲ့ မြန်မာ့တပ်မတော်က အလိုလျှောက် မြင်လာလိမ့်မယ်လို့ နအဖ ဗိုလ်ချုပ်ကြီးတွေက ယူဆထားကြပါတယ်။

ဒါပေမဲ့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေကို မြန်မာ့တပ်မတော်ရဲ့ အဓိကရန်သူအဖြစ် ပုံဖော်ပေးရာမှာ နအဖ ဗိုလ်ချုပ်ကြီးတွေ ဖြစ်စေချင်သလို အလွယ်တကူမဖြစ်ပဲ အခက်အခဲအများအပြားနဲ့ ရင်ဆိုင်နေရပါတယ်။ ဘာကြောင့်လဲဆိုတော့ နအဖစစ်တပ်ထဲက ပညာတတ်အရာရှိအများစုကိုယ်တိုင်က အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေကို အထင်ကြီးအားကျနေတာကြောင့် ဖြစ်ပါတယ်။ နအဖစစ်ဗိုလ်အများစုဟာ မလွှဲသာလို့ တရုတ်၊ ရုရှားနဲ့ အိန္ဒိယတို့က ထုတ်လုပ်တဲ့ စစ်လက်နက်ပစ္စည်းတွေ၊ နည်းပညာတွေကို သုံးစွဲနေရပေမဲ့ စိတ်ထဲမှာတော့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေက ထုတ်လုပ်တဲ့ စစ်လက်နက်ပစ္စည်းတွေ၊ နည်းပညာတွေကမှ ပိုမိုခေတ်မှီပြီး ထိရောက်မှုရှိတယ်လို့ ယုံကြည်နေကြပါတယ်။

၂၀၀၁ခုနှစ်အတွင်း ရှမ်းပြည်အရှေ့ပိုင်း ထိုင်း–မြန်မာနယ်စပ်ရှိ ပန်မိုင်ဆွန်၊ ညောင်ပင်ကုန်း၊ ပန်ကန့်ကော် စတဲ့ စခန်းတွေမှာဖြစ်ပွားခဲ့တဲ့ တိုက်ပွဲစဉ်တွေအတွင်း ထိုင်းစစ်တပ်ကအသုံးပြုခဲ့တဲ့ အမေရိကန်လုပ် လက်နက်ကြီးတွေဟာ ပစ်မှတ်တွေကို တိတိကျကျ ထိမှန်အောင် ပစ်ခတ်နိုင်ခဲ့ကြတာကြောင့် မိမိတို့ဘက်က အထိအခိုက်အကျအဆုံး များခဲ့ရတာဖြစ်ကြောင်း၊ "ဟဲလို–အသံဘယ်လောက်ကြားသလဲ" လို့ ဆက်သွယ်ရေးစက်ပေါ်ကနေ မေးယုံရှိသေး "ဂျိုင်း" ကနဲ လက်နက်ကြီးကျည်ဆံကျလာပြီး လူရောစက်ပါ ပျောက်သွားတာတွေ ရှိခဲ့ကြောင်း၊ လှုပ်လို့မရကြောင်း၊ နည်းနည်းလှုပ်တာနဲ့ လက်နက်ကြီးကျလာမှာ သေချာကြောင်း၊ အီရတ်ကို တိုက်ခိုက်ခဲ့စဉ်ကလည်း အမေရိကန်တပ်တွေရဲ့ အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ်တွေ ခေါင်းပေါ်ကဖြတ်သွားပြီဆိုတာနဲ့ မြေပြင်မှာရှိတဲ့ အီရတ်တွေရဲ့ စစ်ဆင်ရေးခြေကုတ်စခန်းတွေနဲ့ ဌာနချုပ်စခန်းတွေရဲ့ အသေးစိတ်အနေအထားကို ထောက်လှမ်းပြီးသားဖြစ်သွားပြီး လေတပ်နဲ့အမြောက်တပ်တွေကို အလိုအလျှောက် သတင်းပို့ပေးကြောင်း၊ မကြာခင် အဲဒီနေရာတွေကို လေဆာလမ်းညွှန်ဗုံးတွေ၊ ဒုံးကျည်တွေ စုပြုံကျလာပြီး စခန်းအားလုံးပျက်စီးသွားလေ့ရှိတယ်လို့ နအဖ စစ်တိုင်းမှူးတစ်ဦးကိုယ်တိုင်က တိုင်းစစ်ဌာနချုပ် လေးလပတ်အစည်းအဝေးတစ်ခုမှာ ထုတ်ဖော်ပြောဆိုခဲ့တာကို တွေ့ရပါတယ်။

နအဖစစ်အရာရှိတွေနဲ့ သူတို့ရဲ့မိသားစုတွေဟာ စားတာ၊ ဝတ်တာ၊ သုံးစွဲတာ၊ ယုတ်စွအဆုံး ရုပ်ရှင်၊ ဗွီဒီယိုကြည့်တာကအစ အနောက်နိုင်ငံတွေက ထုတ်လုပ်တဲ့ပစ္စည်းတွေကိုမှ ပိုပြီးသဘောကျနှစ်ခြိုက်ကြတယ်လို့ ဆိုပါတယ်။ နအဖ

တပ်မှူးအများစုဟာ ရုရှား၊ တရုတ် စတဲ့နိုင်ငံတွေမှာ စစ်ပညာသင်ရတာထက် အနောက်နိုင်ငံတွေက စစ်တက္ကသိုလ်တွေနဲ့ စစ်ကျောင်းကြီးတွေမှာသာ စစ်ပညာသင်ချင်ကြတယ်လို့ ဆိုပါတယ်။ အနောက်နိုင်ငံတွေမှာ စစ်သံမှူးတွေ သံအမတ်တွေ အဖြစ်နဲ့ တာဝန်ထမ်းဆောင်ချင်လို့ နည်းအမျိုးမျိုးနဲ့ကြိုးစားနေကြတဲ့ အရာရှိတွေလည်း နအဖတပ်ထဲမှာ အများအပြားရှိနေကြောင်း သိရှိရပါတယ်။ အနောက်နိုင်ငံတွေမှာ တာဝန်ကျနေတဲ့ နအဖစစ်သံမှူးတွေ၊ သံအမတ်တွေဟာ အချိန်တန်လို့ ကိုယ့်နိုင်ငံကပြန်ခေါ်ခဲ့ရင်တောင် ပြန်မလာချင်တော့တဲ့အတွက် အဲဒီနိုင်ငံတွေမှာ နိုင်ငံရေးခိုလှုံခွင့် တောင်းခံတာမျိုးတွေ လုပ်လေ့ရှိကြတယ်လို့ ဆိုပါတယ်။ ကျိုကျိုတက်အောင် ချမ်းသာနေကြတဲ့ နအဖစစ်အရာရှိကြီးတွေရဲ့ မိသားစုတွေထဲမှာလည်း ဒေါ်လာတွေအထပ်လိုက်ကိုင်ပြီး အနောက်နိုင်ငံတွေကို ဈေးဝယ်ထွက်ချင်သူတွေ၊ လည်ပတ်ချင်သူတွေ၊ ဆေးကုခံဖို့သွားချင်သူတွေနဲ့ သားသမီးတွေကို ပညာသင်ပေးချင်သူတွေ အများအပြားရှိနေကြပါတယ်။ နအဖဗိုလ်ချုပ်ကြီးတွေကိုယ်တိုင်ကလည်း သူတို့ရဲ့ အကျိုးစီးပွားကိုသာ မထိခိုက်ဘူးဆိုရင် အနောက်နိုင်ငံတွေနဲ့ပိုပြီး လက်တွဲချင်ကြတယ်လို့ ဆိုပါတယ်။ နအဖ အောက်ခြေတပ်တွေထဲမှာလည်း အမေရိကန်နဲ့ အနောက်နိုင်ငံကတပ်တွေကို ယှဉ်ပြိုင်တိုက်ခိုက်လိုစိတ်ထက် ကြောက်လန့်တဲ့စိတ်တွေက ပိုများလာနေတယ်လို့ ဆိုပါတယ်။

ဒီလို အခြေအနေတွေကြောင့် နအဖဗိုလ်ချုပ်ကြီးတွေဟာ အနောက်နိုင်ငံတွေကို မြန်မာ့တပ်မတော်ရဲ့ အဓိကရန်သူအဖြစ် သတ်မှတ်ထားရာကနေ ထိုင်းနိုင်ငံနဲ့ ထိုင်းတပ်မတော်ကို အဓိကရန်သူအဖြစ် ဦးလှည့်ပေးဖို့ စီစဉ်လုပ်ဆောင်လာတာတွေ့ရပါတယ်။ ထိုင်းတပ်မတော်က မြန်မာ့တပ်မတော်နဲ့ ချစ်ကြည်ရင်းနှီးမှုရအောင် ကြိုးစားလုပ်ဆောင်ပြနေပေမဲ့ နအဖ ကြပ်ပြေးစစ်ရုံးချုပ်ကတော့ ထိုင်းတပ်မတော်ကို အဓိကရန်သူအဖြစ်မြင်လာအောင် တိုင်း၊ တပ်မ၊ စကခ စစ်ဌာနချုပ်တွေကို သွေးထိုးလှုံ့ဆော်မှုတွေ နေ့စဉ် ပြုလုပ်နေပါတယ်။

ထိုင်းတပ်မတော်နေ့ကို ဒီနှစ်မှာ ဇန်နဝါရီလ(၂၅)ရက်နေ့ကနေ ဇန်နဝါရီလ(၁၈)ရက်နေ့ကို ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့ကြောင်း၊ အဲဒီနေ့ဟာ လွန်ခဲ့တဲ့(၁၆)ရာစုနှစ်က ထိုင်းနိုင်ငံရဲ့ဘုရင် နရေစွမ် က မြန်မာဘုရင်ရဲ့တပ်တွေကို စတင်တော်လှန်တိုက်ခိုက်ခဲ့တဲ့နေ့ ဖြစ်ကြောင်း၊ အဲဒီနေ့မှာပဲ ဒေါ်လာသန်း(၂၀)အကုန်အကျခံပြီး (၃)နှစ်ကြာရိုက်ကူးထားတဲ့ “နရေစွမ်” အမည်ရှိ အခန်းဆက်ရုပ်ရှင်ကားကြီးကို ရုံတင်ပြသခဲ့ကြောင်း၊ အဲဒီနေ့ညမှာပြုလုပ်ခဲ့တဲ့ ထိုင်းကာကွယ်ရေးဦးစီးချုပ်ရဲ့ ညစာစားပွဲကိုလည်း **KNU** ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တာမလာဘော၊ **SSA** (တောင်ပိုင်း) ခေါင်းဆောင် ဗိုလ်မှူးကြီး ယွက်စစ်နဲ့ မွန်ပြည်သစ်ပါတီရဲ့ဥက္ကဋ္ဌ နိုင်ထောမွန် တို့ကို ဖိတ်ကြားခဲ့ကြောင်း၊ လွန်ခဲ့တဲ့ ၂၀၀၁ ခုနှစ်အတွင်း ထိုင်း–မြန်မာ နယ်စပ်တိုက်ပွဲတွေ ပြင်းထန်ခဲ့စဉ်ကလည်း မင်းတရား တပင်ရွှေထီးရဲ့ ဘုရင့်တပ်မတော်ကို ခုခံတိုက်ခိုက်ခဲ့တဲ့ ထိုင်းကျေးရွာတစ်ခုအကြောင်း ရိုက်ကူးထားတဲ့ “ဘန်ရပ်ဂျန်” ဆိုတဲ့ရုပ်ရှင်ကားကို ပြသခဲ့ဘူးကြောင်း၊ ဒါကြောင့် ထိုင်းနယ်စပ်တလျှောက်မှာရှိတဲ့ ရှေ့တန်းစခန်းတွေနဲ့ လေကြောင်းရန်ကာကွယ်ရေးစခန်းတွေ၊ အမြောက်စခန်းတွေအားလုံး အသင့်အနေအထားနဲ့ အမြဲရှိနေကြဖို့၊ နအဖစစ်ရုံးချုပ်က ညွှန်ကြားထားကြောင်း သိရှိရပါတယ်။ ထိုင်းနိုင်ငံအတွင်းက နအဖ သူလျှိုတွေ၊ သတင်းပေးတွေကိုလည်း ထိုင်းစစ်တပ်ရဲ့လှုပ်ရှားမှုသတင်းတွေကို အချိန်မှီပေးပို့ကြဖို့ ညွှန်ကြားထားကြောင်းလည်း သိရှိရပါတယ်။

ကြပ်ပြေးစစ်ရုံးချုပ်က ထိုင်းစစ်တပ်ရဲ့အခြေအနေတွေကိုသာမက ထိုင်းနယ်စပ်အခြေစိုက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေရဲ့ သတင်းတွေကိုလည်း မဟုတ်မမှန်လုပ်ကြံပြီး အောက်ခြေတပ်တွေကို ချပြလျှက်ရှိကြောင်း သိရှိရပါတယ်။ ဘယ်နေ့က ဘယ်အဖွဲ့အစည်းတွေ ထိုင်းနယ်စပ် ဘယ်နေရာတွေမှာ အစည်းအဝေးလုပ်ပြီး ပြည်တွင်းမှာ အကြမ်းဖက်ဖေါက်ခွဲမှုတွေ၊ ဆူပူမှုတွေပြုလုပ်ဖို့ ဘယ်လမ်းကြောင်းတွေကတဆင့် ပြည်တွင်းကို ဝင်လာကြလိမ့်မယ်၊ ဒါကြောင့် သက်ဆိုင်ရာ တိုင်း၊ တပ်မ၊ စကခ၊ ဒကစ၊ တပ်ရင်းတပ်ဖွဲ့တွေအနေနဲ့ လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးအတွက် လိုအပ်တဲ့အစီအမံတွေ ပြုလုပ်ထားကြဖို့ ကြပ်ပြေးစစ်ရုံးချုပ်က နေ့စဉ်နဲ့အမျှ ညွှန်ကြားချက်တွေ ထုတ်ပြန်နေတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ နအဖကချပြနေတဲ့ ဒီသတင်းတွေကို အောက်ခြေတပ်တွေက အယုံအကြည်မရှိကြဘူးလို့ ဆိုပါတယ်။ နယ်စပ်က တိုင်းရင်းသားလူမျိုးစု သူပုန်အဖွဲ့တွေနဲ့ အပစ်ရပ်အဖွဲ့တွေက ခေါင်းဆောင်တွေကို ထိုင်းတပ်မတော်နေ့ ညစာစားပွဲမှာ တရားဝင်ဖိတ်ခေါ် ကျွေးမွေးဧည့်ခံရလောက်အောင် ထိုင်းဗိုလ်ချုပ်တွေ မမိုက်မဲနိုင်ကြောင်း၊ ပြည်တွင်းမှာ အကြမ်းဖက်ဖေါက်ခွဲတိုက်ခိုက်မှုတွေလုပ်ဖို့ လူစုလူဝေးနဲ့ လမ်းကြောင်းမျိုးစုံကနေ အဆက်မပြတ်ဝင်လာနေပြီဆိုတဲ့သတင်းတွေ နေ့စဉ်ချပြနေပေမဲ့လည်း တစ်ခါမှ လက်ဆုတ်လက်ကိုင် ဖေါ်ထုတ်ဖမ်းဆီးပြတာ မတွေ့ရကြောင်း၊ ဒါကြောင့် သူတို့ကိုယ်တိုင်ကလည်း နယ်စပ်လမ်းကြောင်းတွေမှာ ပုံးရှာသလိုနဲ့ မှောင်ခိုသမားတွေထံက ငွေတောင်းတဲ့အလုပ်ကိုပဲ အာရုံစိုက်ပြီး လုပ်ဆောင်ခဲ့ကြတယ်လို့ နအဖစစ်ဗိုလ်ဟောင်းတစ်ဦးက ပြောဆိုခဲ့ပါတယ်။

နအဖဗိုလ်ချုပ်ကြီးတွေအနေနဲ့ ထိုင်းနိုင်ငံလို ဇာတိသွေးဇာတိမာန် တက်ကြွစေမဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဒေါ်လာသန်းချီ အကုန်အကျခံပြီး ရိုက်ကူးပြသခြင်း မပြုလုပ်နိုင်သေးပေမဲ့ ရုပ်ရှင်သရုပ်ဆောင် လူမင်း ရိုက်ကူးခဲ့တဲ့ “ကျန်စစ်မင်း”

ရုပ်ရှင်ကားကို အကယ်ဒမီ(၄)ဆု ချီးမြှင့်ပေးခဲ့ပြီး မြန်မာပြည်သူတွေနဲ့ မြန်မာ့တပ်မတော်ကို ဇာတိသွေးဇာတိမာန်တွေ ပေါ်ပေါက်လာအောင် အားပေးခဲ့တာ တွေ့ရပါတယ်။ ကျန်စစ်မင်းက ထိုင်းနိုင်ငံနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့တာ မတွေ့ရပေမဲ့ ပုဂံခေတ်မှာ ဥသာပဲခူးကို ဂျွမ်းစစ်သည်တွေ (ထိုင်းနိုင်ငံဘက်မှ ကန်ဘောဒီးယားအနွယ်ဝင်စစ်သည်များ) ကျူးကျော်တိုက်ခိုက်ခဲ့စဉ်က ပုဂံပြည့်ရှင် အနော်ရထာဘုရင်က စစ်သူကြီးကျန်စစ်သားနဲ့ သူရဲကောင်းတွေဖြစ်ကြတဲ့ ညောင်ဦးဖီး၊ ငထွေရူး၊ လေးလက်ဖယ်တို့ဦးဆောင်တဲ့ လက်ရွေးစင်တပ်တွေကို စေလွှတ်ကူညီခဲ့တာကြောင့် ဂျွမ်းစစ်သည်တွေရှုံးနိမ့်ပြီး ပြန်ဆုတ်သွားခဲ့ရတယ်လို့ ရာဇဝင်သမိုင်းတွေအရ သိရှိရပါတယ်။

မြန်မာစစ်ဗိုလ်ချုပ်တွေဟာ တချိန်က တရုတ်နိုင်ငံနဲ့တရုတ်စစ်တပ်ကို အဓိကရန်သူအဖြစ် သတ်မှတ်ခဲ့ဘူးပေမဲ့ အခုအချိန်မှာတော့ ကျေးဇူးရှင်တွေအဖြစ်နဲ့ အိမ်ဦးခန်းမှာတင်ပြီး ကိုးကွယ်နေပြီဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၇၀ နှစ်တွေအတွင်း ရှမ်းပြည်အရှေ့မြောက်ပိုင်းမှာဖြစ်ပွားခဲ့တဲ့ တိုက်ပွဲစဉ်ကြီးတွေမှာ ကိုယ်တိုင်ပါဝင်တိုက်ခဲ့ရတဲ့ တပ်မှူးတပ်သားတွေကတော့ တရုတ်နိုင်ငံအပေါ် သံသယရှိနေကြဆဲ ဖြစ်ပါတယ်။ လူဦးရေသန်းပေါင်း တစ်ထောင်ကျော်ရှိပြီး ခေတ်မီတောင့်တင်းတဲ့ စစ်အင်အားနဲ့ ဓနအင်အားတွေ ရှိနေတဲ့ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ရေချင်းမြေချင်း တဆက်တစပ်တည်း ရှိနေတာကြောင့် အဝေးမှာရှိတဲ့ အမေရိကန်နိုင်ငံထက် ပိုပြီးအန္တရယ်ကြီးနိုင်တယ်လို့ ရှုမြင်နေတဲ့စစ်အရာရှိကြီးတွေလည်း မြန်မာ့တပ်မတော်ထဲမှာ အများအပြား ရှိနေကြောင်း သိရှိရပါတယ်။

အကျိုးစီးပွားနဲ့ယှဉ်လာရင် အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်းရန်သူဆိုတာ မရှိကြောင်းကို ၁၉၇၉ တရုတ်–ဗီယက်နမ်စစ်ပွဲအတွင်း တရုတ်နိုင်ငံက ဖေါ်ထုတ်ပြခဲ့ပြီးပါတယ်။ တရုတ်နိုင်ငံအနေနဲ့ မြန်မာပြည်အတွင်းမှာ နေထိုင်လျှက်ရှိကြတဲ့ တရုတ်အမျိုးသားတွေ၊ တရုတ်အနွယ်တွေ၊ တရုတ်အရင်းအနှီးတွေနဲ့ တရုတ်အကျိုးစီးပွားတွေကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်လာပြီလို့ ယူဆတဲ့အချိန်မျိုး ရောက်ရှိလာခဲ့မယ်ဆိုရင် ဗီယက်နမ်လို ပညာပေးခံရမှာ သေချာနေပါတယ်။ ဒါကြောင့် နအဖစစ်ဗိုလ်ချုပ်တွေအနေနဲ့ တိုင်းပြည်နဲ့လူမျိုးရဲ့ ရေရှည်အကျိုးကို မျှော်ကိုးထမ်းရွက်တဲ့အနေနဲ့ ဘယ်နိုင်ငံကိုမှ ရန်သူလို့ မသတ်မှတ်ပဲ ပြည်တွင်းစည်းလုံးညီညွတ်မှုရရှိအောင် တည်ဆောက်နိုင်ဖို့ကိုသာ အဓိကအာရုံစိုက် လုပ်ဆောင်သင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Saturday, March 17, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု